## (၁၈) အရှင်သီဝလိမထေရ် အကြောင်း

### (က) မထေရ်၏ ရှေးဆုတောင်း

ဤ အရှင်သီဝလိမထေရ်အလောင်း အမျိုးကောင်းသားသည်လည်း ပဒုမုတ္တရမြတ်စွာဘုရားရှင် လက်ထက်တော်အခါ၌ ရှေးမထေရ်အလောင်းများနည်းတူပင် ကျောင်းတော်သို့ သွားရောက်၍ ပရိသတ်အစွန်အဖျား၌ ရပ်တည်လျက် တရားနာနေစဉ် မြတ်စွာဘုရားက ရဟန်းတော်တပါးကို လာဘ်လာဘပေါများကြသော ရဟန်းတို့တွင် အသာဆုံး အမြတ်ဆုံး=ဧတဒဂ်ရာထူး၌ ထားတော်မူသည်ကို တွေ့မြင်ရ၍ "ငါသည်လည်း နောက်အခါဝယ် ဤရဟန်းကဲ့သို့ပင် လာဘ်လာဘ ပေါများကြသော ရဟန်းတို့တွင် အသာဆုံး အမြတ်ဆုံး = ဧတဒဂ်ဘွဲ့ထူးရပုဂ္ဂိုလ် ဖြစ်မှသင့်တော့မည်"ဟု ကြံစည်ဆင်ခြင်၍ မြတ်စွာဘုရားကို မိမိအိမ်သို့ ပင့်ဖိတ်ပြီးလျှင် ရှေးမထေရ်အလောင်းများနည်းတူပင် ခုနစ်ရက်ကြာ မဟာဒါနကြီး ပေးလှူပြီးနောက် "မြတ်စွာဘုရား....တပည့်တော်သည်လည်း ဤအဓိကာရကောင်းမှု ကုသိုလ်ကံကြောင့် အခြားတပါးသော စည်းစိမ်ကို မတောင့်တပါ၊ စင်စစ်သော်ကား နောက်အခါဝယ် တဆူဆူသော ဘုရားရှင်၏သာသနာ၌ တပည့်တော်သည်လည်း အရှင်ဘုရားတို့ လွန်ခဲ့သော ခုနစ်ရက်က ဧတဒဂ်ထားအပ်သော ရဟန်းနည်းတူ လာဘ်လာဘပေါများကြ

http://www.dhammadownload.com


သော ရဟန်းတို့တွင် အသာဆုံး အမြတ်ဆုံး=ဧတဒဂ်ဘွဲ့ရ ရဟန်း ဖြစ်ရပါလို၏”ဟု ဆုတောင်းပတ္ထနာမှု ပြုလေ၏။

မြတ်စွာဘုရားသည် ထိုအမျိုးကောင်းသား၏ ဆုတောင်း ပတ္ထနာချက် အန္တရာယ်မရှိ ပြည့်စုံမည်ကို မြင်တော်မူ၍ “သင် ဒါယကာ၏ ဤဆုတောင်းချက်သည် နောက်အခါ ဂေါတမ မြတ်စွာ သာသနာ၌ ပြည့်စုံလိမ့်မည်”ဟု ဗျာဒိတ်ကြား၍ ကျောင်း တော်သို့ ဖဲကြွပြန်သွားတော်မူလေ၏။

## တောရွာသား ဘဝ

ရှင်သီဝလိအလောင်း ထိုအမျိုးကောင်း သားသည်လည်း အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုကို ပြု၍ (အပါယ်လေးပါး မလားမရောက်ရပဲ) နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည်ကျက်စား လျက် (ဤကမ္ဘာမှ အထက် ကိုးဆယ့်တကမ္ဘာ၌ ပွင့်ထွန်းတော် မူသော) ဝိပဿီမြတ်စွာဘုရားရှင် လက်ထက်တော်အခါဝယ် ဗန္ဓုမတီ မင်းနေပြည်မှ မနီးမဝေး တခုသောရွာ၌ အမျိုးကောင်း သား ဖြစ်လာ၏။

ထိုအချိန်၌ ဗန္ဓုမတီ မြို့သူမြို့သားတို့သည် ဗန္ဓုမမင်းကြီးနှင့် သူရှုံး၍ ငါနိုင်ရန် အပြိုင်သဘော အချင်းချင်း နှီးနှောဆွေးနွေး တိုင်ပင်ကြ၍ ဝိပဿီမြတ်စွာဘုရားအားကြီးစွာသောအလှူဒါနကို ပေးလှူကြကုန်၏။ ထိုမြို့သူမြို့သားတို့သည် တနေ့သ၌ အားလုံးပင် စုပေါင်းကြ၍ အလှူပေးကြသည်ရှိသော် “ငါတို့၏ အလှူမျက် မှောက်ဝယ် အဘယ်ဝတ္ထု မပါရှိသနည်း”ဟု လိုက်လံကြည့်ရှုကြ သည်တွင် ပျားရည်နှင့် နွားနို့ခဲ မပါရှိသည်ကို သိကြရသဖြင့် “တနည်းနည်းဖြင့် ရရာအရပ်မှ ထိုပျားရည်နှင့် နွားနို့ခဲကို ရအောင်ယူဆောင်ကြကုန်အံ့”ဟု တိုင်ပင်ညီညွတ်ကြကာ ဇနပုဒ် =တိုက်နယ်မှ မြို့တွင်းသို့ ဝင်ရာလမ်း၌ အစောင့်ယောကျ်ားကို ထားကြလေကုန်၏။

ထိုအခါ ဤအရှင်သီဝလိအလောင်း တောရွာသား အမျိုး ကောင်းသားသည် မိမိ၏ရွာမှ နွားနို့ခဲအိုးကို ယူဆောင်ခဲ့၍

http://www.dhammadownload.com



"တစုံတခု လူ့အသုံးအဆောင်ကို ငါလဲလှယ်ဝယ်ဆောင်ခဲ့မည်" ဟူသောအကြံဖြင့် မြို့သို့သွားလေသော် "ငါသည် မျက်နှာသစ်ပြီး လက်ခြေများကို ဆေးကြောပြီးမှ မြို့တွင်းသို့ဝင်အံ့"ဟု ကြံစည်၍ ရေချမ်းသာရာအရပ်ကို ထိုမှ ဤမှ ကြည့်ရှုလတ်သော် ထွန်တုံး ဦးမျှ ပမာဏရှိသည့် ပျားကောင်များမပါသော (မစုတ်)ပျားတံ ကြီးကို တွေ့မြင်ရလေလျှင် "ဤမစုတ်ပျားသည် ငါ၏ ကုသိုလ်ကံ ကြောင့် ဖြစ်ပေါ်လာသည်"ဟု အောက်မေ့၍ ယူဆောင်ခဲ့ကာ မြို့သို့ ဝင်လေ၏။

မြို့သူမြို့သားတို့က အစောင့်ထားသော ယောက်ျားသည် ထို တောရွာသား အမျိုးကောင်းသားကို မြင်လေလျှင် "အမောင်.... ဤပျားရည်နှင့်နွားနို့ခဲကို အဘယ်သူ့အတွက် အမောင်ယူဆောင် လာပါသနည်း"ဟုမေးလေ၏။တောရွာသားက "အရှင်....မည်သူ တဦးတယောက်၏အတွက်မျှ ဤပျားရည်နှင့်နွားနို့ခဲကိုယူဆောင် လာခဲ့သည် မဟုတ်ပါ၊စင်စစ်သော်ကား ရောင်းချဖို့ရန် ယူဆောင် အပ်ခဲ့ပါသည်"ဟု ပြောလေလျှင် အစောင့်ထားသော မြို့သား ယောက်ျားသည် "အမောင်........ထိုသို့ဖြစ်လျှင် ဤ ကျွန်ုပ်လက်မှ အသပြာတကျပ်ကို ယူ၍ အမောင်၏ ထိုပျားရည်နှင့် နွားနို့ခဲကို ပေးပါလော့"ဟု ပြောဆိုလေ၏။

ထိုအခါ အရှင်သီဝလိအလောင်း တောရွာသား အမျိုး ကောင်းသားသည် "ဤ ငါယခုယူဆောင်လာသည့် ပျားရည်နှင့် နွားနို့ခဲသည် များစွာအဖိုးမထိုက်ချေ၊ ဤယောက်ျားကလည်း ပဌမအကြိမ်မှာပင် အဖိုးများစွာပေး၍ ဝယ်ယူဘိ၏၊ စုံစမ်းဦးမှ သင့်တော့မည်"ဟု ကြံစည်ပြီးနောက် ထိုမြို့သားယောက်ျားကို "အိုအရှင်....အကျွန်ုပ်သည် ငွေတကျပ်နှင့်တော့ဖြင့် မပေးနိုင်ပါ= မရောင်းနိုင်ပါ"ဟု ပြောဆိုလေ၏။ မြို့သားက "ယင်းသို့ တကျပ် နှင့် မရောင်းနိုင်ပါလျှင် ငွေနှစ်ကျပ်တို့ကို အမောင်ယူ၍ ထို ပျားရည်နှင့် နွားနို့ခဲကို ငါ့အား ပေးပါလော့"ဟု ဈေးတက်၍ ပေးလေလျှင် တောရွာသားသည် "ငွေနှစ်ကျပ်ဖြင့်လည်း မပေး နိုင်ပါ"ဟု ဈေးဆွဲစကား ပြောဆိုလေ၏။ ဤနည်းဖြင့် တိုး၍

http://www.dhammadownload.com


တိုး၍ ဈေးတက်ပေးလာသည်မှာ ငွေကျပ်တထောင်သို့ပင် ရောက်ရှိလာလေ၏။

တောရွာသားသည် "အချိန်ကြာမြင့်စွာ ဆွဲထား၍ဖြင့် မသင့်လျော်ချေ၊ ရှိစေဦးတော့၊ ဤယောက်ျားတို့၏ အလုပ်ကိစ္စကို ငါမေးပေးအံ့"ဟု ကြံစည်၍ မြို့သားယောက်ျားကို "ဤပျားရည်နှင့် နွားနို့ခဲကား အဖိုးများစွာ မထိုက်တန်လှပါ၊ သို့ပါလျက် အရှင်ကလည်း အဖိုးများစွာ မတန်တဆ ပေးဘိ၏၊ အဘယ်အမှုကိစ္စကြောင့် ဤပျားရည်နှင့် နွားနို့ခဲကို အဆမတန် အဖိုးပေး၍ ယူလိုပါသနည်း" ဟု မေးလေ၏။ ထိုအခါ မြို့သားယောက်ျားသည် "အမောင်.... ဤဗန္ဓုမတီ မင်းနေပြည်၌ မြို့သူမြို့သားတို့သည် မင်းကြီးနှင့် အပြိုင်ပြုကာ ဝိပဿီမြတ်စွာဘုရားအား အလှူဒါနပေးလှူကြသည်ရှိသော် ဤပျားရည်နှင့်နွားနို့ခဲ နှစ်မျိုးကို မိမိတို့၏ အလှူမျက်မှောက်၌ မတွေ့မမြင်ကြ၍ မရအရရှာမှီးနေကြပါသည်။ အကယ်၍ ဤနှစ်မျိုးကို မရလျှင် မြို့သူမြို့သားတို့က ရှုံးကြရပါလိမ့်မည်၊ ထို့ကြောင့် အသပြာတထောင်ကို ပေး၍ ငါ ယူလိုပါသည်" ဟု အကြောင်းအရာ အလုံးစုံကို ပြန်ကြားပြောဆိုလေသော် တောရွာသားသည်"အိုအရှင်....ဤအလှူဒါနကောင်းမှုကို မြို့သူမြို့သားများသာ ပြုလုပ်ကောင်းသလော၊ အခြားတောရွာသားတို့ကမှု မပေးလှူကောင်းဘူးလော"ဟု မေးပြန်လေ၏။

ထိုအခါ မြို့သားယောက်ျားက "အမောင်.... မည်သူ တဦးတယောက်၏ ပေးလှူခြင်းကိုမျှ မတားမြစ်အပ်ပါ၊ (= မြို့သား ရွာသား မည်သူမဆို ပေးလှူနိုင်ပါသည်)"ဟု ပြောဆိုလေလျှင် တောရွာသားသည် "အိုအရှင်....မြို့သူ မြို့သားများ၏ ဤ ယခု အလှူဒါန ပေးလှူကြရာ၌ တနေ့တည်းဖြင့် အသပြာတထောင် ပေးလှူတတ်သူ တဦးတယောက်များ ရှိပါသလား"ဟူ၍ မေးမြန်းလေ၏။ မြို့သားယောက်ျားက "မရှိပါ အဆွေ...."ဟု ဖြေကြားလေလျှင် တောရွာသားသည် "အိုအရှင်....ဤယခု အကျွန်ုပ်ယူဆောင်လာသော ပျားရည်နှင့် နွားနို့ခဲ တို့၏ အသပြာတထောင် အဖိုးထိုက်သောအဖြစ်ကို အရှင်သိ၏ မဟုတ်လော"ဟု

http://www.dhammadownload.com



ထပ်၍ အခိုင်အမာ မေးမြန်းပြန်လေ၏။ မြို့သားယောကျ်ားက "အိမ်း....သိပါသည်အဆွေ...."ဟု ဖြေဆိုလေလျှင် တောရွာသား သည် "အိုအရှင်....ထိုသို့ဖြစ်လျှင် သွားပါချေ၊ မြို့သူမြို့သား လူ အများတို့အား 'တောရွာသား ယောကျ်ား တယောက်သည် ဤပျားရည်နှင့် နွားနို့ခဲ=နှစ်မျိုးတို့ကို အဖိုးဥစ္စာဖြင့် မပေးပါ၊ သူ့ကိုယ်တိုင် မိမိလက်ဖြင့်ပင် ပေးလှူလိုပါသည်၊ အသင် မြို့သူ မြို့သားတို့သည် ဤပျားရည်နှင့် နွားနို့ခဲ နှစ်မျိုးတို့ကို ရဖို့ရန် အကြောင်းကြောင့်တော့ဖြင့် ကြောင့်ကြမဲ့သာ နေကြပါလေ'ဟု ပြောကြားပါလေ။ အရှင်သည်ကား ဤ အလှူ မျက်မှောက်၌ (=ဤအလှူပွဲကြီး၌) အကျွန်ုပ်က အကြီးဆုံး အများဆုံး အဖိုး အတန်ဆုံး လှူဒါန်းသူဖြစ်ကြောင်းအတွက် ကိုယ်ဖြင့်သက်သေခံသူ (= ကိုယ်တိုင်သက်သေခံသူ) ဖြစ်တော်မူစေချင်ပါသည်" ဟု ပြောကြားလေ၏။

### ပျားရည်နှင့် ဒိန်ရည် ရောစပ်လှူခြင်း

တောရွာသားသည် ထိုသို့ ပြောကြားပြီးနောက် မိမိရိက္ခာ အတွက် အိမ်မှ ယူဆောင်ခဲ့သော တပဲသောဥစ္စာ အသပြာဖြင့် အစပ်ငါးပါး (=အမွှေးအကြိုင်ဘဏ္ဍာ) ကို ဝယ်ယူပြီးလျှင် အမှုန့်ပြု၍ နွားနို့ခဲမှ နို့ဓမ်းကြည်(=ဒိန်ရည်)ကို ညှစ်ယူပြီးနောက် ထိုဒိန်ရည်၌ ပျားလဘို့ကို ညှစ်ချ၍ အစပ်ငါးပါးအမှုန့်နှင့် ရောစပ် လျက် ပဒုမာကြာရွက်တခု၌ ထည့်ပြီးသော် ကောင်းစွာပြုပြင် စီရင်ယူဆောင်ခဲ့၍ မြတ်စွာဘုရားရှင်နှင့် မနီးမဝေးသောအရပ်၌ မိမိလှူခွင့် လှူလှည့်ကို စောင့်မျှော်ထိုင်နေလေ၏။

မြို့သူမြို့သားများ အသီးအသီး ယူဆောင်အပ်ခဲ့သော ပူဇော် သက္ကာရ ဒါနဝတ္ထုများ အကြား၌ မိမိ၏လှူရန် အခွင့်အလှည့်ကို စောင့်မျှော်နေစဉ် အခွင့်အလှည့် ကျရောက်လာပြီကို သိရှိ၍ မြတ်စွာဘုရားရှင်ထံတော်ပါးသို့ သွားရောက်ပြီးလျှင်"ဘုန်းတော် ကြီးသော မြတ်စွာဘုရား....ဤပူဇော်သက္ကာရကား တပည့်တော်၏ ဆင်းရဲသားလက်ဆောင် ဖြစ်ပါသည်ဘုရား၊ တပည့်တော်၏.

http://www.dhammadownload.com



ဤ ဆင်းရဲသားလက်ဆောင် = လှူဖွယ်ဝတ္ထုကို ကရုဏာရှေးရှု အလှူခံတော်မူပါ ဘုရား”ဟု တောင်းပန် လျှောက်ထားလေ၏။ မြတ်စွာဘုရားသည် ထိုတောရွာသားအား သနားသမှုအကြောင်း ပြု၍ စတုမဟာရာဇ်နတ်မင်းကြီးတို့ လှူဒါန်းအပ်သောကျောက် သပိတ်ဖြင့် ထိုပူဇော်သက္ကာရကို ခံယူတော်မူပြီးလျှင် ထိုအလှူ ဝတ္ထုကိုရဟန်းပေါင်းခြောက်သန်းရှစ်သိန်း (၆၈၀၀၀၀၀)အား လှူဒါန်း၍မကုန်နိုင်အောင် အဓိဋ္ဌာန်တော်မူလေ၏။

ထိုတောရွာသား အမျိုးကောင်းသားသည်လည်း မြတ်စွာ ဘုရားရှင် ဆွမ်းဘုဉ်းပေးပြီးသောအခါ မြတ်စွာဘုရားကို ရှိသေ မြတ်နိုး ရှိခိုး၍ အပြစ်လွတ်ရာ အရပ်၌ ရပ်တည်လျက် “ဘုန်းတော် ကြီးသော မြတ်စွာဘုရား.... ဤယနေ့ တပည့်တော်သည် အရှင် ဘုရားတို့အား ပူဇော်သက္ကာရ ဒါနဝတ္ထု ရှေးရှုဆောင်လှူအပ် သည်ကို ဗန္ဓုမတီ မင်းနေပြည်တော်သူ နေပြည်တော်သား အား လုံးတို့ ဒိဋ္ဌမျက်မြင် အသိပင်ဖြစ်ပါသည်ဘုရား၊ တပည့်တော်သည် လည်း ဤကောင်းမှု ကုသိုလ်ကံ၏ အကျိုးဆက်ကြောင့် ဖြစ်လေ ရာရာ သံသရာဘဝ၌ လာဘ်လာဘ အထွတ်အမြတ်ရောက်သူ, အခြံအရံအကျော်အစော အထွတ်အမြတ်ရောက်သူ ပုဂ္ဂိုလ်စင်စစ် ဖြစ်ရပါလို၏ဘုရား”ဟု ဆုတောင်းပန်ထွာလေ၏။ဝိပဿီမြတ်စွာ ဘုရားသည်“ဧဝံ ဟောတု ကုလပုတ္တ= ဤသင်ဆုတောင်းသည့် အတိုင်း ဖြစ်ပါစေ အမျိုးကောင်းသား....ဟု မိန့်ကြားတော်မူ၍ ထိုအမျိုးကောင်းသားနှင့်တကွ မြို့သူ မြို့သားတို့အား ဆွမ်းအနု- မောဒနာတရား ဟောကြားတော်မူပြီးသော် ကျောင်းတော်သို့ ပြန်ကြွတော်မူလေ၏။

## (ခ) နောက်ဆုံးဘဝ ရဟန်းပြုခြင်း

ထို အမျိုးကောင်းသားသည် အသက်ထက်ဆုံး ကုသိုလ် ကောင်းမှုကို ပြုလုပ်၍ နတ်ပြည်, လူ့ပြည်တို့၌ ကျင်လည် ကျက် စား၍လာခဲ့ရာ ဤအကျွန်ုပ်တို့၏ မြတ်စွာဘုရားရှင် ပွင့်ထွန်းတော် မူရာ အခါကာလ၌ ကောလိယသာကီဝင်မင်းမျိုးဝယ် သုပ္ပဝါ-

http://www.dhammadownload.com



သာ-မည်သော ကောလိယသာကီဝင်မင်းသမီး၏ ဝမ်းကြာတိုက်၌ ပဋိသန္ဓေ ယူနေလာလေ၏။

**ပဋိသန္ဓေ တည်နေစဉ်အချိန် အံ့ဖွယ်များ**

ထိုအမျိုးကောင်းသား ပဋိသန္ဓေတည်နေသော အချိန်မှစ၍ မယ်တော် သုပ္ပဝါသာ သာကီဝင်မင်းသမီးအထံသို့ ရာပေါင်း များစွာသော လက်ဆောင်ပဏ္ဏာတို့ ညဉ့်,နံနက် ဆက်ကာ ဆက်ကာ ရောက်၍လာကုန်၏။ သုပ္ပဝါသာမင်းသမီးသည် ရှေးက ထက်ပြည့်စုံခြင်းသို့ ရောက်လေ၏။ (သီဟိုဠ်မူအလို-ညဉ့်, နံနက် လက်ဆောင်ပဏ္ဏာ ငါးရာ ငါးရာတို့ကို သုပ္ပဝါသာမင်းသမီး သည် လက်ခံရရှိလေ၏)။

ထို့နောက် တန္ဓေသဉ် သုပ္ပဝါသာမင်းသမီးကို (သူ၏) ဘုန်း ကံအစွမ်း စုံစမ်းသိရှိရန် မဟာဆွေတော်မျိုးတော်များက မင်း သမီး၏လက်ဖြင့် မျိုးစေ့များထည့်ထားသောတောင်း (=မျိုးစေ့ တောင်း) ကို ထိစေကြ, တို့စေကြကုန်၏။ ထိုမျိုးစေ့များကို ကြဲချ သောအခါ မျိုးစေ့ တစေ့ တစေ့မှ အပင်အညှောက်ပေါင်း အရာ အထောင်ပင် ပေါက်၍ ထွက်လာလေ၏။ မင်းပယ်တပယ် ကျယ် ဝန်းသော လယ်မြေတကွက်မှပင် လှည်းအစီးပေါင်း ငါးဆယ်, ခြောက်ဆယ်တိုက် ကောက်စပါးများ ဖြစ်ပွါးထွက်ရှိကြကုန်၏။

စပါးကျီအတွင်း ကောက်စပါးများ ဖြည့်သွင်းသောအခါ၌ လည်း မဟာဆွေတော် မျိုးတော်များက မင်းသမီး၏လက်ဖြင့် ကျီတံခါးကို ထိစေကြ, တို့စေကြကုန်၏၊ မင်းသမီး၏ ဘုန်းကံ ကြောင့် ကောက်စပါးကို ထုတ်ယူကြသည်ရှိသော် ယူတိုင်း ယူတိုင်းသော နေရာသည် တဖန်ထပ်၍ ပြည့်မြဲပြည့်လေ၏။ ထို့ပြင်လည်း ပြည့်သောထမင်းအိုးမှ (ထမင်းကို ခူးကာ ခူးကာ) "မင်းသမီး၏ ဘုန်းကံတည်း" ဟု ပြောဆိုကြ၍ အလုံးစုံ ရောက် လာသမျှသော လူအပေါင်းအား ပေးလှူကြသည်ရှိသော် ပေးလို သမျှကာလပတ်လုံး ထိုထမင်းသည် မကုန်နိုင်ချေ။ သတ္တိသား

http://www.dhammadownload.com


အမိဝမ်း၌ ကိန်းတည်နေစဉ်မှာပင် ခုနစ်နှစ်အချိန်ကာလတို့ လွန်၍သွားကုန်၏။

ခုနစ်နှစ်စေ့ရောက်၍ ကိုယ်ဝန်သားရင့်ကျက်သောအခါ ခုနစ်ရက်ကြာ မင်းသမီးသည် ကြီးစွာသော ဂဗ္ဘမူဠ္ဋဒုက္ခ (ကိုယ်ဝန်ကြောင့် မိန်းမောတွေဝေရခြင်း ဆင်းရဲဒုက္ခ)ကို ခံစားရလေ၏။ သုပ္ပဝါသာမင်းသမီးသည် ထိုကြီးစွာသော ဆင်းရဲဒုက္ခကို—

"သမ္မာသမ္ဗုဒ္ဓေါ ဝတ သော ဘဂဝါ၊ ယော ဣမဿ ဧဝရူပဿ ဒုက္ခဿ ပဟာနာယ ဓမ္မံ ဒေသေတိ။ =အကြင် ငါတို့ဆရာ မြတ်စွာဘုရားသည် ဤသို့သဘော ရှိသော ဆင်းရဲဒုက္ခ အမျိုးမျိုးကို ပယ်စွန့်ဖို့ရန် တရားဟောတော်မူပါပေ၏၊ ထိုငါတို့ဆရာ မြတ်စွာဘုရားသည် သစ္စာ,စေ့ယျ ဓမ္မခပင်း လင်းလင်းသိမြင် သဗ္ဗညုတ ရွှေဉာဏ်တော်နှင့် ပြည့်စုံတော်မူပါပေစွတကား....(၁),

သုပ္ပဋိပန္နော ဝတ တဿ ဘဂဝတော သာဝကသံဃော၊ ယော ဣမဿ ဧဝရူပဿ ဒုက္ခဿ ပဟာနာယ ပဋိပန္နော။ =အကြင်မြတ်ဘုရား၏ တပည့်သားသာဝက သံဃာတော်သည် ဤသို့သဘောရှိသော ဆင်းရဲဒုက္ခ အမျိုးမျိုးကို ပယ်စွန့်ဖို့ရန် ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူပါပေ၏၊ ထိုမြတ်ဘုရား၏ တပည့်သားသာဝက သံဃာတော်သည် (သုံးပါးသိက္ခာ ကျင့်ဖွယ်ရာကို) ကောင်းစွာ ကျင့်တော်မူပါပေစွတကား....(၂),

သုသုခံ ဝတ တံ နိဗ္ဗာနံ၊ ယတ္ထိဒံ ဧဝရူပံ ဒုက္ခံ န သံဝိဇ္ဇတိ။ =အကြင်တရားမြတ်၌ ဤသို့ သဘောရှိသော ဤဆင်းရဲဒုက္ခ ဝေဒနာမျိုး တစိုးတစိ မရှိပေ၊ ထိုနိဗ္ဗာန် တရားမြတ်သည် အလွန့်အလွန် ချမ်းသာပါပေစွ တကား....(၃)"—

ဤဖော်ပြအပ်ပြီးသော (၁) မြတ်စွာဘုရား၏ ဂုဏ်တော်နှင့် စပ်သော ကောင်းသောအကြံ၊ (၂) သံဃာတော်၏ သုပ္ပဋိပန္န

http://www.dhammadownload.com



ဂုဏ်တော်နှင့်စပ်သော ကောင်းသောအကြိုး (၃) နိဗ္ဗာန်၏ သန္တိသုခဂုဏ်နှင့်စပ်သော ကောင်းသောအကြိုး=ဤအကြိုးသုံးမျိုးတို့ဖြင့် အောင့်အည်းသည်းခံလေဆဲသည်(=ကြီးစွာသော ဂဗ္ဘမူဠ ဒုက္ခကို ဖော်ပြရာပါအတိုင်း ဘုရားဂုဏ်, သံဃာဂုဏ်, နိဗ္ဗာန် တရားဂုဏ်တို့ကို အပြန်ပြန် အောက်မေ့ဆင်ခြင်၍ မညည်းမညူ သည်းခံလေသည်)။

ခုနစ်ရက်မြောက် ရောက်သောအခါ သုပ္ပဝါသာ ကောလိယ မင်းသမီးသည် မိမိ၏အရှင်သခင်ဖြစ်သော ကောလိယမင်းသား ကို အနီးသို့ခေါ်၍ "မသေခင် အသက်ရှင်စဉ်ပင် ငါသည် အလှူဒါန ပေးဦးအံ့"ဟု ကြံစည်ကာ "အိုအရှင့်သား....သွားပါတည့်ချေ၊ ဤကျွန်တော်မ၏ဖြစ်ရပ်ကို မြတ်စွာဘုရားအား လျှောက်ထားပြီးလျှင် မြတ်စွာဘုရားကို ပင့်ဖိတ်တော်မူခဲ့ပါ၊ မြတ်စွာဘုရား မိန့်ကြားတော်မူလိုက်သည်များကိုလည်း ကောင်းစွာ မှတ်သား၍ ပြန်လာပြီးလျှင် အကျွန်ုပ်အား ပြောကြားတော်မူပါ"ဟု ပြောဆို လွှတ်လိုက်လေသည်။ ကောလိယမင်းသည် သွားရောက်၍ သုပ္ပဝါသာ မင်းသမီး၏ အကြောင်းအရာ သတင်းစကားကို မြတ်စွာဘုရားအား လျှောက်ထားလေ၏။ မြတ်စွာဘုရားသည် "ကောလိယမင်းသမီး သုပ္ပဝါသာသည် ရောဂါမရှိ ပကတိချမ်းသာစေသတည်း၊ ရောဂါမရှိ ပကတိချမ်းသာလျက် ရောဂါကင်းသော သားကို ဖွားစေသတည်း"ဟု မိန့်တော်မူလေ၏။ မြတ်စွာဘုရား မိန့်ကြားတော်မူလိုက်သည်နှင့် တပြိုင်နက် ကောလိယမင်းသမီး သုပ္ပဝါသာသည် ရောဂါမရှိ ပကတိချမ်းသာလျက် ရောဂါကင်း သောသားကို ဖွားမြင်လေ၏။ ဝန်းရံ၍ နေကြသော လူအပေါင်း သည် ငိုရသည့်အဖြစ်မှ တခေထ်ကူးပြောင်းကာ ဝမ်းမြောက် ဝမ်းသာ ကောလိယမင်းအား သား၏သတင်းကို လျှောက် ထားရန် သွားရောက်လေ၏။ ကောလိယမင်းသည်ကား မြတ်စွာ ဘုရား မိန့်ကြားတော်မူသည်ကို နာယူပြီးနောက် မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် ရွာတွင်းသို့ ရှေးရှု ပြန်လာလေ၏။

http://www.dhammadownload.com



ကောလိယမင်းသည် ထိုမင်းချင်းယောကျာ်းတို့ အားရဝမ်းသာ ပြေးလာ ဆီးကြိုကြပုံ အခြင်းအရာကို မြင်ရလျှင်ပင် "မြတ်စွာဘုရား မိန့်ကြားအပ်သော စကားတော်သည် ပြီးစီးအောင်မြင်ပြီထင်၏"ဟု ဆင်ခြင်ကြံစည်မိလေ၏။ ကောလိယမင်းသည် သုပ္ပဝါသာမင်းသမီးထံသို့ လာရောက်၍ မြတ်စွာဘုရား၏ မိန့်ကြားတော်မူလိုက်သော သတင်းစကားကို မင်းသမီးအား ပြန်ကြားပြောဆိုလေ၏။ မင်းသမီးသည် "အရှင့်သား ပင့်ဖိတ်အပ်ခဲ့သော အသက်ရှင်ဆွမ်းသည်ပင် မင်္ဂလာဆွမ်း ဖြစ်လိမ့်မည်၊ တဖန်ပြန်သွားပါဦး၊ ခုနစ်ရက်ပတ်လုံး (ဆွမ်းဘုဉ်းပေးတော်မူရန်) မြတ်စွာဘုရားကို ပင့်လျှောက်ချေပါဦး" ဟူ၍ ပြောဆိုလေ၏။ ကောလိယမင်းသည် မင်းသမီးပြောဆိုတိုင်း ပြုလုပ်လေ၏။ ထိုမင်း, မင်းသမီးတို့သည် ခုနစ်ရက်ပတ်လုံး မြတ်စွာဘုရားအမှူးရှိသော ရဟန်းသံဃာအား ကြီးစွာသော အလှူဒါနကို ဖြစ်စေကြလေကုန်၏။

သူငယ်သည် ခပ်သိမ်းသော ဆွေမျိုးတို့၏ ပူပန်သောစိတ်ကို ငြိမ်းအေးစေလျက် ဖွားမြောက်သန့်စင်လာလေသည်၊ ထို့ကြောင့် ထိုသူငယ်၏ အမည်ကို "သီဝလိသူငယ်"ဟု အမည်မှည့်ကြလေကုန်၏။ သီဝလိသူငယ်သည် ခုနစ်နှစ်အကြာ အမိဝမ်း၌ ကိန်းနေခဲ့ရသောကြောင့် ဖွားမြောက်သောအချိန်မှ အစပြုကာ ခုနစ်နှစ်အရွယ်ရှိ သူငယ်တို့ ပြုလုပ်ရမည့် ခပ်သိမ်းသောအမှုများကို ပြုစွမ်းနိုင်သူ ဖြစ်လေသည်၊ ထို့ကြောင့်ပင် သီဝလိသူငယ်သည် ခုနစ်ရက်ပတ်လုံး မဟာဒါနကြီး ပေးလှူအပ်သည်ရှိသော် မွေးဖွားသည့်နေ့မှစ၍ ဓမကရိုဏ်=ရေစစ်ကို ယူကာ သံဃာတော်အား ရေကိုစစ်၍ ဆက်ကပ်လှူဒါန်းလေ၏။

တရားစစ်မှူး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာမထေရ်မြတ်သည် ခုနစ်ရက်မြောက်သောနေ့၌ သီဝလိသူငယ်နှင့် စကားနှီးနှော ပြောဆိုတော်မူ၏။ ထိုသို့ ပြောဆိုသောအခါ မထေရ်မြတ်က "သီဝလိ····သင်သည် ဤသို့သဘောရှိသော ဒုက္ခအစုကို ခံစားရပြီးလျှင် ရှင်ရဟန်းပြုရန် မသင့်လျော်ဘူးလော" ဟု

http://www.dhammadownload.com



မေးမြန်းတော်မူလေလျှင် သီဝလိသူငယ်သည် "အရှင်ဘုရား.... တပည့်တော်သည် မိဖထံမှ ရှင်ရဟန်းပြုခွင့်ရလျှင် ရှင်ရဟန်းပြုလိုလှပါသည်ဘုရား"ဟု ပြန်ကြားလျှောက်ထားလေ၏။ သုပ္ပဝါသာ မင်းသမီးသည် မိမိသား သီဝလိသူငယ် မထေရ်မြတ်နှင့် အတူတကွ စကားပြောနေသည်ကို မြင်ရ၍ "အသို့နည်း = ဘယ့်နှယ်လဲငါ့သားသည် တရားစစ်မှူး ဖြစ်တော်မူသော မထေရ်မြတ်နှင့် အတူတကွ စကားပြောနေပါတကား" ဟု အားရဝမ်းသာစွာ မထေရ်မြတ်ထံသို့ ဆည်းကပ်၍ "အရှင်ဘုရား.... တပည့်တော်မသားက အရှင်ဘုရားတို့နှင့် အတူတကွ အဘယ်စကားများကို ပြောဆိုနေပါသနည်း ဘုရား" ဟု မေးလျှောက်လေ၏။ အရှင်သာရိပုတ္တရာမထေရ်မြတ်က "မိမိ ခံစားခဲ့ရသော အမိဝမ်းခေါင်းကိန်းအောင်းရသည့် ဒုက္ခကို ပြောပြ၍ အသင်မိဖနှစ်ပါးတို့က ခွင့်ပြုအပ်ပါလျှင် ရှင်ရဟန်းပြုပါအံ့ဟူ၍ ပြောဆိုပေ၏"ဟု မိန့်ကြားတော်မူလေလျှင် သုပ္ပဝါသာမင်းသမီးသည် "ကောင်းပါပြီ အရှင်ဘုရား....ထိုသီဝလိသူငယ်ကို ရှင်ပြုပေးတော်မူကြပါဘုရား" ဟု ခွင့်ပြုစကား ပြန်ကြားလျှောက်ထားလေ၏။

ထိုအခါ မထေရ်မြတ်သည် သီဝလိသူငယ်ကို ကျောင်းတော်သို့ ခေါ်ဆောင်သွား၍ တစပဉ္စက-ကမ္မဋ္ဌာန်းကို ပေးပြီးလျှင် ရှင်ပြုပေးတော်မူလတ်သော် "သီဝလိ....သင့်အဖို့ရာ အခြားတပါးသော အဆုံးအမ ဩဝါဒဖြင့် ပြုလုပ်ဖွယ်မရှိ၊ (တခြားဩဝါဒ ပေးရန်မလို-ဟု ဆိုလိုသည်)၊ ခုနစ်နှစ်တို့ကာလပတ်လုံး မိမိခံစားခဲ့ရသော ဆင်းရဲဒုက္ခဝေဒနာကိုပင် ဆင်ခြင်စဉ်းစားလော့"ဟု မိန့်တော်မူလေ၏။ သီဝလိသူငယ်သည် "အရှင်ဘုရား.... ရှင်ပြုပေးခြင်းသည်သာ အရှင်ဘုရားတို့၏ တာဝန် ဖြစ်ပါသည်၊ တပည့်တော် ပြုစွမ်းနိုင်သမျှသော တရားနှလုံးသွင်းခြင်းအမှုကို တပည့်တော်ပင် ဆင်ခြင်စဉ်းစား ပွါးများပါမည်ဘုရား" ဟု ပြန်ကြားလျှောက်ထားလေ၏။

ထို ရှင်သီဝလိသူငယ်သည် ပဌမဆံဝန်းကို ရိတ်ချလိုက်သောခဏမှာပင် သောတာပတ္တိဖိုလ်၌ တည်လေ၏၊ ဒုတိယဆံဝန်းကို

http://www.dhammadownload.com



ရိတ်ချလိုက်သောအခါ သကဒါဂါမိဖိုလ်၌ တည်၍ တတိယဆံဝန်းကို ရိတ်ချလိုက်သောအခါ အနာဂါမိဖိုလ်၌ တည်ပြီးလျှင် အားလုံးသောဆံဝန်းကို ရိတ်ချပြီးသည်နှင့် တပြိုင်နက် အရဟတ္တဖိုလ်၌ တည်လေ၏(=အားလုံးသောဆံတို့ကို ရိတ်ချပြီးခြင်းနှင့် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရခြင်းသည် မရှေးမနှောင်းပင် ဖြစ်လေ၏)။

ထိုသီဝလိသူငယ်ကို ရှင်ရဟန်းပြုပေးသောနေ့မှ စ၍ ရဟန်းသံဃာအား သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး=ပစ္စည်းလေးပါးတို့သည် အလိုရှိတိုင်း ဖြစ်ပေါ်ပေါ်များ၍ လာကုန်၏။ ဤသို့လျှင် ရှင်သီဝလိ၏ အကြောင်းအရာဝတ္ထုကား ကုဏ္ဍိကာမြို့၌ ဖြစ်ပေါ်လေသည်။

(ဤ၌။ ။အရှင်သီဝလိ၏ ပစ္စုပ္ပန်ဝတ္ထုကို ဥဒါန်းပါဠိတော် ပိဋကတ်မြန်မာပြန် (ခု မြန် ၁၊ စာမျက်နှာ ၈၆-မှစ၍) ထုတ်နုတ်မှတ်ယူကုန်ရာ၏။ ထို အရှင်မြတ်သားအမိတို့၏ ခုနစ်နှစ် ခုနစ်ရက်ကြာ ဂဗ္ဘဝါသဒုက္ခ=အမိဝမ်းခေါင်း ကိန်းအောင်းရခြင်း ဆင်းရဲဒုက္ခ, ဂဗ္ဘမူဠှဒုက္ခ=ကိုယ်ဝန်ကြောင့် မိန်းမောတွေဝေရခြင်း ဆင်းရဲဒုက္ခ ခံစားရခြင်း၏ အကြောင်း အကုသိုလ်ကံနှင့်စပ်သော ဖြစ်ရပ်ဝတ္ထုအကျယ်ကို ဥဒါန်း အဋ္ဌကထာမှ ထုတ်နုတ်မှတ်ယူကုန်ရာ၏။

အကျဉ်းမှတ်ရန်မှာ—ထို အရှင်မြတ် သားအမိတို့သည် တခုသော အတိတ် ဘဝက ဗာရာဏသီမင်း၏ မိဖုရားကြီးနှင့် သားတော် ဖြစ်ခဲ့ကြ၍ တချိန်တွင် ကောသလမင်းက စစ်တပ်အလုံးအရင်းဖြင့် ဗာရာဏသီမင်းကို တိုက်ဖျက်လုပ်ကြံ၍ ထိုမင်း၏ မိဖုရားကြီးကို သိမ်းပိုက်ကာ မိဖုရားကြီးရာထူး၌ ထားရှိလေသည်။

ဗာရာဏသီမင်းသားသည် ခမည်းတော် စစ်ရှုံး၍ နတ်ရွာစံသောအခါ ရေထုတ်ပြွန်မှ တိတ်တဆိတ်ထွက်ပြေး၍ ဗိုလ်ပါအလုံးအရင်းကို စုရုံးပြီးလျှင် ဗာရာဏသီပြည်သို့လာ၍ ထီးနန်းပြန်အပ်ရန်, (သို့မဟုတ်) စစ်တိုက်ရန် ရာဇသံပေး အရေးဆိုလေလျှင် အတွင်းမှာရှိနေသော မယ်တော်မိဖုရားကြီးက စစ်တိုက်လျှင် လူအများ ဆင်းရဲကြမည်ဖြစ်၍ မြို့ကို ပိတ်ဆို့ဝန်းရံထားရန် အကြံပေးလေသည်။ မယ်တော်အကြံပေးသည့်အတိုင်း ပင်းသားသည် မြို့တံခါးမကြီးလေးပေါက်တို့ကို အထွက်အဝင် မရှိရအောင် ပိတ်ဆို့စောင့်ရှောက်လျက် ခုနစ်နှစ်ကြာ မြို့ကို ဝန်းရံ

http://www.dhammadownload.com



ပိတ်ဆို့ထားသော်လည်း မြို့သူမြို့သားတို့သည် တံခါးငယ်များမှ ထွက်၍ မြက်, ထင်း-စသည် သယ်ဆောင်သွင်းယူကြသဖြင့် အကြောင်းမထူးပဲ ရှိလေရာ ထိုသတင်းကို မယ်တော်မိဖုရား ကြားသိရ၍ တဖန်ထပ်ပြီး လျှင် တံခါးငယ်များကိုပါ ပိတ်ဆို့ရန် အကြံပေးပြန်လေသည်။

ထိုအကြံပေးချက်အရ တံခါးငယ်များကိုပါ ပိတ်ဆို့ဝန်းရံသဖြင့် ခုနစ်ရက်ရှိသောအခါ မြို့သူမြို့သားတို့ အနေကြပ်သဖြင့် ကောသလ မင်း၏ ဦးခေါင်းကိုဖြတ်၍ မင်းသားအား ဆက်သကြလေသည်။ မင်း သားသည် မြို့ကို ဝင်၍ မင်းအဖြစ်ကို ခံယူသိမ်းပိုက်လေသည်။

ဤဆိုအပ်ပြီးသော မကောင်းမှု အကုသိုလ်ကံကြောင့် ထိုအရှင်မြတ် သားအမိတို့သည် ခုနစ်နှစ်ကြာ ကိုယ်ဝန်သားကို ဆောင်ရခြင်း ဆင်းရဲ ဒုက္ခ, အမိဝမ်းခေါင်း ကိန်းအောင်းရခြင်း ဆင်းရဲဒုက္ခ, မယ်တော်မှာ ကိုယ်ဝန်ကြောင့် ခုနစ်ရက်ကြာ မိန်းမောတွေဝေရခြင်း ဆင်းရဲဒုက္ခကို ခံစားကြရလေသည်)။

### မထေရ်မြတ် မိမိဘုန်းကံကို စုံစမ်းကြည့်ခြင်း

နောက်တချိန်၌ မြတ်စွာဘုရားရှင် သာဝတ္ထိပြည်သို့ ရောက် တော်မူသောအခါ အရှင်သီဝလိမထေရ်သည် မြတ်စွာဘုရားရှင် ကို ရှိသေမြတ်နိုး ရှိခိုးဦးညွှတ်၍ "မြတ်စွာဘုရား....တပည့်တော်၏ ဘုန်းကံကို လက်တွေ့စုံစမ်းပါအံ့၊ တပည့်တော်အား ရဟန်းတော် ငါးရာတို့ကို အဖော်အဖြစ်ထည့်ပေးတော်မူပါဘုရား"ဟု လျှောက် ထားတောင်းပန်လေ၏။ မြတ်စွာဘုရားရှင်သည်လည်း "ချစ်သား သီဝလိ....ခေါ်ယူ၍ သွားလေ" ဟု ခွင့်ပြုတော်မူလေသည်။

အရှင်သီဝလိမထေရ်သည် အခဖော်ရဟန်းငါးရာတို့ကို အတူ တကွ ခေါ်ယူ၍ ဟိမဝန္တာသို့ ရှေးရှုသွားလတ်သည်ရှိသော် တောလမ်းခရီးအတိုင်း ကြွတော်မူလေ၏။ (၁) ထိုအခါ ရှေးဦး စွာ ခရီးစခန်း၌ ပညောင်ပင်ကြီးကို တွေ့ရလေသည်၊ ညောင် စောင့်နတ်မင်းသည် မထေရ်မြတ်အား ခုနစ်ရက်ကြာ အလှူဒါန ကို ပေးလှူလေသည်။ ဤနည်းဖြင့် ထိုအရှင်သီဝလိမထေရ်သည်—

(၁) ရှေးဦးစွာ (ဖော်ပြရာပါ) ပညောင်ပင်ကြီးကို တွေ့ရလေသည်။

http://www.dhammadownload.com


(၂) နှစ်ကြိမ်မြောက်၌ ပဏ္ဍုဝတောင်,
(၃) သုံးကြိမ်မြောက်၌ အရစိဝတီမြစ်,
(၄) လေးကြိမ်မြောက်၌ ဝရသာဂရမည်သော သမုဒြာ,
(၅) ငါးကြိမ်မြောက်၌ ဟိမဝန္တာတောင်,
(၆) ခြောက်ကြိမ်မြောက်၌ ဆဒ္ဒန်အိုင်,
(၇) ခုနစ်ကြိမ်မြောက်၌ ဂန္ဓမာဒနတောင်,
(၈) ထိုနောက် ရှစ်ကြိမ်မြောက်၌ အရှင်ရေဝတ နေရာသို့—

ဆိုက်ရောက် တွေ့မြင်ရလေသည်။ နေရာဌာန အားလုံးတို့၌ပင် ခုနစ်ရက်စီ ခုနစ်ရက်စီ နတ်တို့က အရှင်သီဝလိမထေရ်အား အလှူဒါန ကြီးစွာလှူဒါန်းကြလေသည်။

အထူးအားဖြင့် ဂန္ဓမာဒနတောင်သို့ ရောက်ဆိုက်သောအခါ၌ နာဂဒတ္တမည်သော နတ်မင်းသည် ခုနစ်ရက်ကြာ အလှူဒါန ပေးလှူရာဝယ် နွားနို့ဆွမ်းတရက် ထောပတ်ဆွမ်းတရက် ဤသို့ အလှည့်အလည် ပေးလှူလေသည်။ ထိုအခါ ရဟန်းသံဃာသည် "ငါ့ရှင်တို့....ဤနတ်မင်းက နို့စားနွားမများကို နို့ညှစ်နေအပ်သည် တို့ကိုလည်း ငါတို့သည် မတွေ့မထင် မမြင်အပ်ကုန်၊ ထောပတ် ဖြစ်ရန် နို့ခမ်းကိုမွှေနေသည်ကိုလည်း ငါတို့သည် မတွေ့မထင် မမြင်အပ်ချေ။ ဒါယကာနတ်မင်း.... သင့်အဖို့ရာ ဤနွားနို့ဆွမ်း, ထောပတ်ဆွမ်းများသည် အဘယ်ကောင်းမှုကြောင့် ဖြစ်ပွါးပြည့်စုံ သနည်း" ဟု မေးမြန်းလေ၏။ နာဂဒတ္တနတ်မင်းသည် "အရှင် ဘုရားတို့....ဤသို့ နို့စားနွာ မများလည်း မရှိပါဝဲလျက်, နို့ခမ်း မွှေနေရခြင်းလည်း မရှိပါဝဲလျက် နွားနို့ဆွမ်း, ထောပတ်ဆွမ်းကို လှူဒါန်းဆက်ကပ်နိုင်ခြင်းမှာ ကဿပမြတ်စွာ လက်ထက်တော် အခါ၌ စာရေးတံနွားနို့ဆွမ်း လှူဒါန်းခဲ့သော ဒါနကောင်းမှု၏ အကျိုး ဖြစ်ပါသည်ဘုရား" ဟု ပြန်ကြားလျှောက်ထားလေ၏။

http://www.dhammadownload.com



## (ဂ) ဧတဒဂ်ဘွဲ့ထူး ရတော်မူခြင်း

နောက်တချိန်ဝယ် မြတ်စွာဘုရားသည် (ရှေး ခဒိရဝနိယ ရေဝတမထေရ်ဝတ္ထု၌ ဆိုအပ်ခဲ့ပြီးသောအတိုင်း) အရှင်ခဒိရဝ-နိယ ရေဝတမထေရ်အထံ ကြွရောက်တော်မူရာဝယ် လူသူမနီး ဘေးရန်တွေ ကာဆီးသော လမ်းခရီးအကြား၌ နတ်များက အရှင်သီဝလိမထေရ်အားသာ ဦးတည်၍ နေ့ရက်မပြတ် အလှူဒါန လှူဒါန်းဆက်ကပ်ကြသည်ကို အဋ္ဌုပ္ပတ်ဝတ္ထု အကြောင်းပြု၍ အရှင်သီဝလိမထေရ်မြတ်ကို—

"ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ လာဘီနံ ယဒိဒံ သီဝလိ=ရဟန်းတို့....ပစ္စည်းလေးရပ် လာဘ်လာဘ ပေါများကြသည့် ငါဘုရား၏ တပည့်သာဝက ရဟန်း တို့တွင် သီဝလိရဟန်းသည် အသာဆုံး အမြတ်ဆုံး ဖြစ်ပေ၏"—

ဟု ချီးကျူးမိန့်မြွက်တော်မူကာ "လာဘီ=လာဘ်လာဘပေါများ သောအရာ"ဝယ် ဧတဒဂ်ထားတော်မူလေ၏။

(ဤ အရှင်သီဝလိမထေရ်နှင့်စပ်သော တရားစကားရပ်တို့ကို အပဒါန် ပါဠိ အဋ္ဌကထာ, ဓမ္မပဒအဋ္ဌကထာ – စသည်တို့မှ ထုတ်နုတ်မှတ်ယူကုန်ရာ၏။ ဤနည်းအတူပင် နောက်နောက် ဖြစ်သော မထေရ်တို့နှင့်စပ်သော တရားစကားရပ်တို့ကိုလည်း မှတ်ယူကုန်ရာ၏။ ဤမဟာဗုဒ္ဓဝင်ကျမ်း၌ကား (က) မထေရ်မြတ် တို့၏ ရှေးဆုတောင်း၊ (ခ) နောက်ဆုံးဘဝ ရဟန်းပြုခြင်း၊ (ဂ) ဧတဒဂ် ဘွဲ့ထူးရတော်မူခြင်း = ဤသုံးချက်ကိုသာ ဦးတည်၍ ရေးသားဖော်ပြပေအံ့)။

ဤကား အရှင်သီဝလိမထေရ် အကြောင်းတည်း။